# နိုဗယ်ကိုရိုနာဗိုင်းရပ်စ် (COVID-19) နှင့်စပ်လျဥ်းသည့် နောက်ဆုံးရသတင်းအချက်အလက်များ

မြန်မာနိုင်ငံအတွင်းရှိ ကြက်ခြေနီအသင်းခွဲများနှင့် ရပ်ရွာအခြေပြုကြက်ခြေနီ စေတနာလုပ်အားရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများ

## # COVID19 ဆိုင်ရာ ဒေသတွင်း လှုပ်ရှားဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံနှင့် ကမ္ဘာအနှံ့တွင် ထိခိုက်အလွယ်ဆုံးသူများကို ကူညီပံ့ပိုးခြင်း



တနင်္သာရီတိုင်းဒေသကြီး



ရှမ်းပြည်နယ်မြောက်ပိုင်း



ရခိုင်ပြည်နယ်



ရှမ်းပြည်နယ်အရှေ့ပိုင်း

### ပြည်သူများရဲ့နှလုံးသားထဲမှာ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်ချက်များ

ပြည်သူများရဲ့နှလုံးသားထဲမှာ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်ချက်များအမြဲရှိပါသည်။ အသင်းမှ COVID-19 ကာကွယ်ရေး လုပ်ငန်းများအတွက် ဝန်ထမ်းပေါင်း ၇၅၀ ကျော်နှင့် ရပ်ရွာအခြေပြု ကြက်ခြေနီစေတနာလုပ်အားရှင်ပေါင်း ၄,၀၀၀ ကျော်ဖြင့် လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။ COVID-19 ကြောင့် ထိခိုက်ခံစားရသည့် ရပ်ရွာလူထု အတွက် သွားရောက်ကူညီ ထောက်ပံ့နိုင်ခွင့်နှင့် နိုင်ငံအတွင်း ဘေးအန္တရာယ်ထိခိုက်ခံစားရသူများကို အကူအညီပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

### အားလုံးကို အတူလက်တွဲခေါ်ခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ COVID-19 ကာကွယ်ရေး လုပ်ငန်းများသည် လူအများကို ဦးတည်ထားသော်လည်း နေရပ်ပြန်ပြည်သူများနှင့် ရွှေ့ပြောင်းသွားလာ နေထိုင်သူများ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် နာတာရှည်ရောဂါခံစားနေရသူများ၊ မသန်စွမ်းသူများကို ပိုအာရုံစိုက်ဆောင်ရွက်ခြင်း လျက်ရှိသည်။ ရပ်ရွာနှင့်ထိတွေ့ကာ အန္တရာယ် ကင်းရှင်းရေး အတွက် သတိပေးစကားများ ပြောကြားခြင်း၊ စောင့်ကြပ်ကြည့်ရှုရေး စခန်းများနှင့် ယာယီ နေရပ်စွန့်ခွာ စခန်းများအပါအဝင် ရပ်ရွာလူထုအား စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ အားပေးကူညီမှု ပါဝင်သည်။

### ဘေးအန္တရာယ်များသည့် ဒေသများတွင် ဆောင်ရွက်မှုများ

ရခိုင်၊ ရှမ်း၊ ကချင်နှင့် ကရင် ပြည်နယ် တို့ကဲ့သို့သော ဘေးအန္တရာယ် ထိခိုက်မှုများ သည့် ဒေသများတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာ လုပ်အားရှင်များသည်ထိခိုက်ဆုံးရှုံးနိုင်ခြေအသိပေးခြင်းနှင့် ရပ်ရွာနှင့် ထိတွေ့ဆက်ဆံခြင်း၊ စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ အားပေးကူညီခြင်းသာမက၊ ရောဂါစစ်ဆေးရေးဂိတ်များနှင့် စောင့်ကြပ်ကြည့်ရှုရေးစခန်းများတွင် ကိုယ်အပူချိန်တိုင်းတာခြင်းစသည့် လှုပ်ရှားဆောင်ရွက်မှုများဖြင့် အစိုးရ၏ COVID-19 ကာကွယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

### နေရပ်ပြန်ပြည်သူများနှင့် ရွှေ့ပြောင်းသွားလာနေထိုင်သူများအတွက်

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကဲ့သို့ အိမ်နီးချင်းနိုင်ငံများမှ မိမိနေရပ်သို့ပြန်လာမည့် နေရပ်ပြန်ပြည်သူများနှင့် ရွှေ့ပြောင်းသွားလာနေထိုင်သူများ အတွက် အလွန် စိုးရိမ်ပူပန်လျက်ရှိသည်။ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ်များသာမက ရပ်ရွာအခြေပြု စောင့်ကြပ်ကြည့်ရှုရေးစခန်းများသို့ လေ့ကျင့်သင်ကြားပေးထားသော ကြက်ခြေနီစေတနာလုပ်အားရှင်များကိုစေလွှတ်ခြင်းစသည့် အသင်း၏ တုံ့ပြန် ဆောင်ရွက်ရေး လုပ်ဆောင်မှုများတွင် အဆိုပါ သူများကို ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။

**COVID -19 နှင့်စပ်လျဥ်းသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ဆောင်ချက်များနှင့် အချိန်တိုင်းအတွက် လမ်းညွှန်မှုပေးသော အခြေခံမူ ၇ ချက်**

လူသားချင်းစာနာထောက်ထားခြင်း
ခွဲခြားမှုမရှိခြင်း
ကြားနေခြင်း
လွတ်လပ်ခြင်း
စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း
စည်းလုံးညီညွတ်ခြင်း
ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း

အသက်ကယ်ဆယ်ရေး နှင့် ဘဝအခြေအနေပြောင်းလဲစေရေး လုပ်ငန်းများဖြင့် MRCS သည် ကြက်ခြေနီနှင့် လခြမ်းနီ အခြေခံစည်းမျဥ်းများကို အချိန်တိုင်း မြှင့်တင်၍ လိုက်နာလျက်ရှိပြီး၊ စီမံကိန်း အကောင်အထည်ဖော်မှု တိုင်းတွင်လည်း အပြန်အလှန် လေးစားမှု နှင့် နားလည်မှုရှိသော ဓလေ့ကို လိုက်နာကျင့်သုံးလျက် ရှိသည်။ ပို၍ လေ့လာလိုပါက နှိပ်ပါ here.

**၂၀၂၀ ပြည့်နှစ် မေလ ၂၆ ရက်၊ မနက် ၁၁ နာရီခွဲ အထိ (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန) နောက်ဆုံးရသတင်းအချက်အလက်များ**

စောင့်ကြည့်လူနာ (PUI) ၄,၇၂၃ ဦး
ရောဂါရှိကြောင်း အတည်ပြုလူနာ ၂၀၃ ဦး
သေဆုံးလူနာ ၆ ဦး
ပြန်လည်သက်သာလာသူဦးရေ ၁၂၃ ဦး
သတင်းရင်းမြစ် Surveillance Dashboard.
ကမ္ဘာလုံးဆိုင်ရာကိန်းဂဏန်းများကို လေ့လာရန် here ကိုနှိပ်ပါ။



နိုင်ငံအတွင်း ဘေးအန္တရာယ် ထိခိုက်လွယ်ဆုံးသူများကို ကူညီပေးခြင်း



ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာစခန်းများတွင် စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာအားပေးကူညီခြင်း



ရခိုင်ပြည်နယ်တွင် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း



နေရပ်ပြန်ပြည်သူများနှင့် ရွှေ့ပြောင်းသွားလာနေထိုင်သူများအရေးလုပ်ငန်းအဖွဲ့ဖွဲ့ခြင်း



၂၀၂၀ ပြည့်နှစ် မေလက ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာစခန်းတစ်ခုတွင် ဒေါ်ထန်းဖျန်မှ စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ အားပေးကူညီမှုပေးခဲ့စဉ်။

### ကွင်းဆင်းလေ့လာမှုမှ ကြက်ခြေနီတို့၏ အသံများ

*“ ယခု နေရပ်စွန့်ခွာစခန်းကို ကျွန်မသွားတာ အခုဆိုလျှင် တတိယ အကြိမ်ရှိပြီ။ ဒီစခန်းဖွင့်ထားတာ လေးနှစ်လောက်ရှိပြီး ခရစ်ယာန်ဘာသာဝင်တွေ နေကြပါတယ်။ ပထမဆုံးတစ်ခေါက်လာတုန်းက ပထမဆုံး ပိုးရှိလူနာကို ကြေညာပြီးစ မတ်လ နောက်ဆုံးပတ်တုန်းကလာတာ။ ကျွန်မဒီကိုလာရတာကို နှစ်သက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေနဲ့လည်းတွေ့ရပြီး၊ ကလေးတွေကလည်း ကျွန်မနဲ့ ကစားရတာကို ပျော်ကြတယ်။ COVID-19 ကြောင့် နေရပ်စွန့်ခွာစခန်းမှ ကလေးများဟာ အရင်တုန်းကလို အပြင်ကိုထွက်ပြီး သူတို့ရဲ့ သူငယ်ချင်းတွေနဲ့ မကစားကြရဘူး။ ကျွန်မ အဲ့ဒီမှာ သူတို့ကို လက်ဆေးနည်းတွေ သင်ပေးတယ်။ ပုံဆွဲစာအုပ်ကိုသုံးပြီး စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ အားပေးတယ်။ ဒေသတွင်း အလှူရှင်များထံက လက်ခံရရှိတဲ့ နှာခေါင်းစည်းတွေကို ဝေပေးတယ်။ စခန်းက လူကြီးတွေ အများစုက နေ့စားတွေဖြစ်ကြပြီး၊ ယခုလိုအချိန်မှာတော့ အလုပ်မရှိကြဘူး။ နှာခေါင်းစည်းတွေဝေပေးတဲ့ အချိန်မှာ နှာခေါင်းစည်းအစား စားနပ်ရိက္ခာတို့၊ သောက်ရေတို့ ပေးနိုင်မလားဆိုပြီး ကျွန်မကို မေးကြတယ်။”*

**ဒေါ်ထန်းဖျန်၊ ကြက်ခြေနီစေတနာလုပ်အားရှင်၊ မန်တုန်မြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။**

**ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ လှုပ်ရှားမှု ဓါတ်ပုံများ။ ကွဲပြားစွာ ဆောင်ရွက်ချက်များ**

အကြောင်းအရာ - မလုပ်မီ နှင့် လုပ်ဆောင်ပြီး — မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်။





အကြောင်းအရာ -နေရပ်ပြန်ခြင်း — မြဝတီမြို့နယ်၊ ကရင်ပြည်နယ်။



အသင်း၏ ကြက်ခြေနီစေတနာလုပ်အားရှင်များ COVID – 19 ကာကွယ်ရေး လုပ်ဆောင်နေပုံ အတုယူအားကျဖွယ် ဓါတ်ပုံများ သင့်ထံတွင် ရှိပါသလား။ ကျွန်ုပ်တို့ကို ဆက်သွယ်ပေးပို့နိုင်ပါတယ်။ MRCS Facebook.

